# Burmese Democratic Futures Working Group – BDFWG

# University of Virginia

**Weekly Summary (June 15- 21, 2024)**

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

- မြန်မာနိုင်ငံအနှံ့အပြားတွင် NUG လက်အောက်ခံ PDF များ၏ တိုက်ခိုက်မှုကြောင့် အကြမ်းဖက် စစ်ကောင်စီတပ်သား ၃၅၇ ဦး သေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၀ ဦး ကျဆုံး ခဲ့ပါသည်။

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်ရှိ နှစ်ပေါင်း ၃၀ နီးပါးရှိ အောင်သာဝရ စစ်ကောင်စီအထိုင်ချ တပ်စခန်းကို တပ်မဟာ (၄) ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ပူးပေါင်းတပ်များ က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

- ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ်ရှိ PDF Zoland သိမ်းပိုက်ထားသော ကနေဒီတောင် စခန်း ကို စစ်ကောင်စီတပ်က အင်အား ၁၀၀ ကျော်ခန့်ဖြင့် ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။

- ချင်းပြည်နယ်၊ မတူပီမြို့မှာ အခြေစိုက်ထားတဲ့ အကြမ်းဖက်စစ်တပ်ရဲ့ ခမရ ၃၀၄ တပ်ရင်းကို ချင်းညီနောင် အဖွဲ့နဲ့ မဟာမိတ်တွေက သိမ်းပိုက်လိုက်ပါတယ်။

- ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နဲ့ အနီးဝန်းကျင်ဒေသတွေမှာ စစ်ကောင်စီတပ်နဲ့ တော်လှန်ရေးတပ်တွေ တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေပါသည်။

- ကရင်ပြည်နယ်၊ မြဝတီတောင်ဘက်မှာ တည်ရှိနေတဲ့ စုကလိစစ်ကောင်စီတပ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မဟာ(၆)က ဦးစီးတဲ့ ပူးပေါင်းတပ်တွေက အပြီးပိုင်သိမ်းပိုက်ရရှိခဲ့ပါတယ်။

**အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ**

- မြန်မာနိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ် တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၇ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၂ ပါး၊ ကလေး ၃ ဦး၊ အမျိုးသမီး ၂ ဦး ပါဝင်ပါသည်။


- မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၀၅ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကောင်စီတပ်၏ ဖမ်းဆီးခံရသည့် အရပ်သားပြည်သူ ၂၄၆ ဦး ရှိပါသည်။ ထိုအထဲတွင် ဖုန်းထဲတွင် VPN တွေ့သောကြောင့် အဖမ်းခံရသူ ၁၇ ဦးရှိပြီး ဒေါ်အောင်ဆန်းစုကြည်၏ ၇၉ နှစ်မြောက်မွေးနေ့တွင် ပန်းပန်သောကြောင့် အဖမ်းခံရသူ ၁၁ ဦးပါဝင်ပါသည်။

**ဇွန်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 15-21, June 2024 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 4 | | |
| **BAGO** | 8 | 25 | 2 | | 2 | | | |
| **CHIN** | 13 | 5 | | | | 5 | | |
| **KACHIN** | 4 | 12 | | | 1 | | | |
| **KAYIN** | 2 | | | | | | | |
| **MAGWAY** | 6 | 35 | 3 | | 3 | | 1 | 40 |
| **MANDALAY** | 4 | 19 | | | 2 | 22 | 1 | 35 |
| **MON** | 1 | | 2 | | | 8 | | |
| **RAKHINE** | 7 | 200 | | 3 | 5 | 200 | | |
| **SAGAING** | 4 | 10 | 2 | | 1 | 3 | | |
| **SHAN (North)** | | | 1 | | | | | |
| **SHAN (South)** | 1 | | | | 1 | | | |
| **TANINTHARYI** | 11 | 51 | | | 2 | | 1 | 30 |
| **YANGON** | | | | | | 4 | | |
| **TOTAL** | **61** | **357** | **10** | **3** | **17** | **246** | **3** | **105** |

# Map of Myanmar Conflict ( June 15-21, 2024 )



**ကိုးကား - Myanmar Now, The Irrawaddy, PVTV, DVB, BBC, RFA, Mizzima,**

**Ayeyarwaddy Times, Myanmar Pressphoto Agency, D Day News**